ပစ္စည်းတင်သွင်းသူများအတွက်ကုန်သွယ်ရေးအပြုအမူကျင့်ဝတ်

1.ဥပဒေနှင့်စည်းမျဉ်းများ

စီးပွားရေးလုပ်ကိုင်မည့်နိုင်ငံနှင့်ဒေသတွင်းတွင်အကျုံးဝင်သောဥပဒေနှင့်အမိန့်၊စည်းမျဉ်းအားလုံးကိုလိုက်နာရမည်။ထို့အပြင်ထိုဥပဒေစသည်တို့နှင့်AEONကုမ္ပဏီမှပြဋ္ဌာန်းထားသောပစ္စည်းတင်သွင်းသူများအတွက်ကုန်သွယ်ရေးအပြုအမူကျင့်ဝတ်များကိုလိုက်နာရန်မိမိတို့ကုမ္ပဏီ၏ပစ္စည်းတင်သွင်းသူများ၊ကန်ထရိုက်တာ၊ဆပ်ကန်ထရိုက်တာများအားလည်းတောင်းဆိုရမည်။

2.ကလေးသူငယ်အလုပ်သမား

အသက်15နှစ်အရွယ်သို့မဟုတ်ထိုနိုင်ငံ၏ဥပဒေအရအလုပ်ခိုင်းစေခွင့်ပြုထားသောအသက်အရွယ်၊ထိုနှစ်ခုအနက်ပိုကြီးသောအသက်အရွယ်တစ်ခုသို့မရောက်သေးသောကလေးသူငယ်များကိုအလုပ်ခိုင်းစေခြင်းသို့မဟုတ်အလုပ်ခိုင်းစေမှုကိုအားပေးကူညီခြင်းမပြုရ။ဥပဒေတွင်အလုပ်ခိုင်းစေခြင်းသို့မဟုတ်အလုပ်အကိုင်ခန့်ထားခြင်းကိုခွင့်ပြုသောအသက်အရွယ်သို့မဟုတ်ထိုအသက်အရွယ်ကျော်လွန်ပြီး18နှစ်မပြည့်သေးသူသည်မသင်မနေရပညာရေးဥပဒေနှင့်အကျုံးဝင်သူဖြစ်ပါကကျောင်းတက်ခြင်းကိုဦးစားပေးရမည်ဖြစ်ပြီးရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာဖွံ့ဖြိုးရေးတွင်ထိခိုက်မှုသို့မဟုတ်အန္တရာယ်ဖြစ်စေမည့်အခြေအနေတွင်မပါဝင်ရ။

3.အဓမ္မအလုပ်ခိုင်းစေခြင်း

အလုပ်ခေါ်ခြင်းနှင့်အလုပ်အကိုင်ခန့်ထားခြင်းလုပ်ငန်းစဉ်တွင်အကြမ်းဖက်ခြင်း၊ခြိမ်းခြောက်ခြင်း၊ဖမ်းဆီးချုပ်နှောင်ခြင်းတို့အပြင်စိတ်ပိုင်း၊ရုပ်ပိုင်းနှင့်အပြုအမူပိုင်းဆိုင်ရာလွတ်လပ်မှုကိုမတရားသဖြင့်ကန့်သတ်ချုပ်ချယ်သောနည်းလမ်းများဖြင့်အလုပ်သမား၏ဆန္ဒနှင့်ဆန့်ကျင်၍အလုပ်အကိုင်ခန့်ထားခြင်းနှင့်အဓမ္မအလုပ်ခိုင်းစေခြင်းသို့မဟုတ်၎င်းတို့ကိုအားပေးကူညီခြင်းမပြုရ။

4.အလုပ်ချိန်

အလုပ်ချိန်၊ထမင်းစားအနားယူချိန်နှင့်အလုပ်ပိတ်ရက်တို့ဆိုင်ရာဥပဒေနှင့်လုပ်ငန်းလောက၏စံနှုန်းများကိုလိုက်နာရမည်။အလုပ်ချိန်ပြင်ပအလုပ်လုပ်ခြင်းသည်ကာယကံရှင်မှဆန္ဒရှိရမည့်အပြင်ထိုသို့လုပ်ရန်ပုံမှန်တောင်းဆိုမှုမပြုရ။ဥပဒေပြဋ္ဌာန်းပါအလုပ်ချိန်ကိုကျော်လွန်၍အလုပ်လုပ်ခြင်းအတွက်ပြဋ္ဌာန်းထားသောအလုပ်ချိန်ပြင်ပထပ်ဆောင်းလုပ်ခကိုပေးချေရမည်။

5.လုပ်ခနှင့်လူမှုဖူလုံရေး

နိုင်ငံတော်၏လုပ်ခနှင့်လူမှုဖူလုံရေးဆိုင်ရာဥပဒေကိုလိုက်နာရမည်။လုပ်ခနှင့်ထပ်ဆောင်းလုပ်ခအမျိုးမျိုးပေးချေခြင်းနှင့်ဖြတ်တောက်ခြင်းကိုသက်ဆိုင်ရာဥပဒေများနှင့်အညီပြုလုပ်ပြီးမှတ်တမ်းတင်ထားရမည်။လုပ်ခသည်ဝန်ထမ်း၏အခြေခံလိုအပ်ချက်ထက်ပိုလျှံရမည်။အလုပ်ချိန်ပြင်ပအချိန်တိုးလာသည့်အလိုက်ရရှိသည့်ထပ်ဆောင်းလုပ်ခအပါအဝင်ပေးချေလိုက်သောလုပ်ခအကြောင်းအသေးစိတ်ကိုဝန်ထမ်းနားလည်နိုင်သောနည်းလမ်းဖြင့်ရှင်းပြထားရမည်။

6.နိုင်ထက်စီးနင်းပြုမူခြင်း(Abusement)နှင့်နှောင့်ယှက်ခြင်း(Harassment)

ဝန်ထမ်းများအပေါ်ကိုယ်ထိလက်ရောက်အပြစ်ပေးခြင်း၊စိတ်ပိုင်းဆိုင်ရာသို့မဟုတ်ရုပ်ပိုင်းဆိုင်ရာအဓမ္မပြုခြင်း၊စကားဖြင့်နိုင်ထက်စီးနင်းပြုမူခြင်းတို့ကိုပြုလုပ်မှု၊ပါဝင်ပတ်သက်မှုသို့မဟုတ်၎င်းတို့ကိုအားပေးကူညီမှုမပြုရ။စီးပွားရေးလုပ်ကိုင်ရာနေရာအားလုံးတွင်ကိုယ်အမူအရာ၊ဘာသာစကား၊ခန္ဓာကိုယ်ထိပါးခြင်းအပါအဝင်မည်သည့်နှောင့်ယှက်သည့်လုပ်ရပ်ကိုမဆိုခွင့်မပြုရ။

7.ခွဲခြားဆက်ဆံခြင်း

လူမျိုး၊နိုင်ငံသား၊တိုင်းရင်းသား၊ကျား၊မ၊အသက်အရွယ်၊ဇာတမ၊ဘာသာရေး၊ပညာအရည်အချင်း၊စိတ်ပိုင်းဆိုင်ရာရုပ်ပိုင်းဆိုင်ရာမသန်မစွမ်းဖြစ်ခြင်း၊လိင်တိမ်းညွတ်မှုနှင့်ကိုယ်တိုင်၏လိင်ပိုင်းဆိုင်ရာခံယူချက်စသည်တို့ကိုအကြောင်းပြု၍အလုပ်ခေါ်ခြင်း၊လုပ်ခ၊ရာထူးတိုးခြင်း၊လေ့ကျင့်ရေးထရိန်နင်၊အလုပ်မှရပ်စဲခံရခြင်း၊အလုပ်ထွက်ခြင်းစသည်အလုပ်အကိုင်ခန့်ထားခြင်းနှင့်ပတ်သက်၍ခွဲခြားဆက်ဆံခြင်းသို့မဟုတ်ခွဲခြားဆက်ဆံရာတွင်အားပေးကူညီခြင်းမပြုရ။အလုပ်အကိုင်ခန့်ထားခြင်းဆိုင်ရာဆုံးဖြတ်ချက်အားလုံးချမှတ်ရာတွင်လိုအပ်သောအချက်ဖြစ်သည့်အလုပ်နှင့်ပက်သက်သောလုပ်ဆောင်ချက်များအားလုပ်ဆောင်နိုင်သောကျွမ်းကျင်မှုအရည်အချင်းကိုသာစံသတ်မှတ်ချက်အဖြစ်ထားရှိရမည်။

8.အဖွဲ့အစည်းဖွဲ့စည်းရေးလွတ်လပ်မှုနှင့်အလုပ်ရှင်အလုပ်သမားညှိနှိုင်းဆွေးနွေးရေး(Collective Bargaining)လုပ်ပိုင်ခွင့်

ဝန်ထမ်းများကိုယ်တိုင်ရွေးချယ်ထားသောအလုပ်သမားသမဂ္ဂ၏ဖွဲ့စည်းခြင်း၊အဖွဲ့ဝင်ခြင်း၊လည်ပတ်ဆောင်ရွက်ခြင်းနှင့်၎င်းတို့၏ကိုယ်စားလှယ်အနေနှင့်ကုမ္ပဏီနှင့်အတူအလုပ်ရှင်အလုပ်သမားညှိနှိုင်းဆွေးနွေးပိုင်ခွင့်ကိုအလေးထားရမည်။အဖွဲ့အစည်းဖွဲ့စည်းရေးပစ္စည်းတင်သွင်းသူများအတွက်ကုန်သွယ်ရေးအပြုအမူကျင့်ဝတ်လွတ်လပ်မှုနှင့်အလုပ်ရှင်အလုပ်သမားညှိနှိုင်းဆွေးနွေးပိုင်ခွင့်ကိုဥပဒေအရကန့်သတ်တားမြစ်ထားလျှင်အစားထိုးနည်းလမ်းအဖြစ်အုပ်ချုပ်ရေးပိုင်းနှင့်ဝန်ထမ်းများ၏ကိုယ်စားလှယ်တို့ထံစိုးရိမ်သောကများတင်ပြခွင့်ရမည့်တိုင်ကြားမှုစီရင်ရေးစနစ်ကိုထူထောင်ပြီးရိုးသားစွာဖြေရှင်းဆောင်ရွက်ရမည်။

9.ဘေးအန္တရာယ်ကင်းရှင်းရေး(Safe) နှင့်ကျန်းမာသန့်ရှင်းရေး(Hygiene)

ဝန်ထမ်းများအတွက်ဘေးအန္တရာယ်ကင်းရှင်း၍ကျန်းမာရေးကောင်းမွန်စေသောလုပ်ငန်းခွင်ပတ်ဝန်းကျင်ကိုအကျုံးဝင်သောဥပဒေ၊စည်းမျဉ်းများနှင့်အညီစီစဉ်ပေးခြင်းနှင့်အတူငုပ်လျှိုးနေသောဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာသန့်ရှင်းရေးဆိုင်ရာမတော်တဆမှုများ၊ဒဏ်ရာရမှုများနှင့်ရောဂါများကိုစိတ်ပိုင်းဆိုင်ရာများအပါအဝင်ကာကွယ်ရန်ထိရောက်သောအစီအမံများကိုဆောင်ရွက်ရမည်။ဝန်ထမ်းများအတွက်စီစဉ်ပေးထားသောအဆောင်များနှင့်စားသောက်ခန်းများတွင်လည်းဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာသန့်ရှင်းရေးစံနှုန်းများသည်တစ်ပုံစံတည်းအကျုံးဝင်စေရမည်။

10.ပတ်ဝန်းကျင်

ကုန်ချောထုတ်လုပ်မှုဆောင်ရွက်သောနိုင်ငံနှင့်ဒေသတွင်း၏ပတ်ဝန်းကျင်ဆိုင်ရာဥပဒေအားလုံးစသည်ကိုလိုက်နာခြင်းသာမကပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအပြည့်အဝထည့်သွင်းစဉ်းစားရမည်။အသုံးပြုမည့်ကုန်ကြမ်းပစ္စည်းများနှင့်အရံပစ္စည်းများအား၎င်းတို့ကိုစီစဉ်ဆောင်ရွက်ပေးသောနိုင်ငံနှင့်ဒေသတွင်းရှိဥပဒေနှင့်စည်းမျဉ်း၊နိုင်ငံတကာသဘောတူညီချက်၊ဆွေးနွေးချက်မှတ်တမ်းတို့နှင့်ညီညွတ်မှုရှိမရှိစစ်ဆေးအတည်ပြုရမည်ဖြစ်ပြီးAEONကုမ္ပဏီမှပြဋ္ဌာန်းထားသောပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများနှင့်ကိုက်ညီရမည်။

11.ရောင်းဝယ်ကုန်သွယ်ခြင်း

အချောသတ်ကုန်ပစ္စည်းနှင့်၎င်း၏အရံပစ္စည်းများမူလထွက်ရှိရာနိုင်ငံနှင့်တင်ပို့မည့်နိုင်ငံ၊ဒေသတွင်းရှိရောင်းဝယ်ကုန်သွယ်မှုဆိုင်ရာဥပဒေများကိုလိုက်နာရမည်။

12.ရိုးသားတည်ကြည်ခြင်းနှင့်ပွင့်လင်းမြင်သာခြင်း

စီးပွားရေးလုပ်ကိုင်မှုအားလုံးတွင်လာဘ်ပေးလာဘ်ယူပြုခြင်း၊မှတ်တမ်း၊ပစ္စည်းအထောက်အထား၊စကားအထောက်အထားတို့အားအတုအပပြုလုပ်ခြင်း၊တုပသုံးစွဲခြင်းနှင့်ဖုံးကွယ်ခြင်းစသည်ကျိုးကြောင်းဆန့်ကျင်သောလုပ်ရပ်များနှင့်ပတ်သက်၍လုံးဝဥဿုံမပြုလုပ်ရ။အကျုံးဝင်သောစည်းမျဉ်းနှင့်လုပ်ငန်းပိုင်းမှအထွေထွေဓလေ့ထုံးစံများနှင့်အညီစီးပွားရေးလုပ်ကိုင်မှုဆိုင်ရာသတင်းအချက်အလက်များကိုမှန်ကန်စွာထုတ်ဖော်ပြောကြားရမည်။

13.ချိတ်ဆက်ဆောင်ရွက်မှု(Engagement)

AEONကုမ္ပဏီ၏ပစ္စည်းတင်သွင်းသူများအတွက်ကုန်သွယ်ရေးအပြုအမူကျင့်ဝတ်ရှိတောင်းဆိုမှုအကြောင်းအရာများကိုမိမိတို့ကုမ္ပဏီနှင့်မိမိတို့အဖွဲ့အစည်းများ၏စီမံခန့်ခွဲမှုစနစ်တွင်ထည့်သွင်းကျင့်သုံးရမည်ဖြစ်ပြီးပစ္စည်းတင်သွင်းရေးကွင်းဆက်(SupplyChain)တစ်ခုလုံးရှိလူ့အဖွဲ့အစည်းအရေးကိစ္စများဖြေရှင်းခြင်းကိုဦးတည်၍အဖွဲ့အစည်းတစ်ခုလုံးတွင်ပါထည့်သွင်းကျင့်သုံးရမည်။